# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၂၃)၊ ၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း ၄ ရက် ၊ ၁-၄-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်

## (the day of national mourning)

## သတ်မှတ်ကြေညာခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ်၊ ဝ၂ စက္ကန့်တွင် ပြင်းအား ၇.၇ ရစ်(ခ်)တာစကေးရှိ အလွန်ပြင်းထန်သည့် မြေလျှင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် ၃၁-၃-၂၀၂၅ ရက်မှ ၆-၄-၂၀၂၅ ရက်အထိ (၇)ရက်အား သတ်မှတ်ကြေညာလိုက်သည်။ ထိုရက်များအတွင်း နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူကြရန် ဖြစ်ပါသည်။

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
နိုင်ငံတော်ဝန်ကြီးချုပ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့်ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသဆောင်၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား ဆေးဝါးကုသပေးထားမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသဆောင်၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူတစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

၂၀၂၅ ခုနှစ်၊ ဧပြီ ၁ ရက်၊ အင်္ဂါနေ့။

မန္တလေးနေ့စဉ်

## စာဖတ်ဝါသနာပါဖို့ ပြုစုပျိုးထောင်စို့

လူတိုင်းလူတိုင်း စာဖတ်ဝါသနာပါဖို့အတွက် ပြုစုပျိုးထောင်သင့်ပါသည်။ လူတစ်ကိုယ်အကြိုက်တစ်မျိုး ဆိုသည့်အတိုင်း စိတ်ဓာတ်ချင်းလည်းမတူသကဲ့သို့ ဝါသနာချင်းလည်း မတူညီကြပါ။ ဝါသနာဟုဆိုရာတွင် ကောင်းသောဝါသနာ မကောင်းသောဝါသနာဟူ၍ရှိသည်။ လူတစ်ချို့က ဂီတ၊ တူရိယာတစ်ခုခုကို တီးခတ်မည်၊ သီဆိုမည် စသည့် သူတစ်ပါးအကျိုးစီးပွား မထိခိုက်သောဘက်၌ ဝါသနာထုံလျှင် ကောင်းသောဘက်၌ ရပ်တည်မည်ဖြစ်သည်။ တစ်ချို့ကမူ သူတစ်ပါးထိခိုက်မည့်အလုပ်ကို နှစ်သက်ကြသည်။ တစ်ချို့ကြပြန်ရင်လည်း မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ဝါသနာထုံသည်။ လူတစ်ချို့က လောင်းကစား၌ စိတ်ဝင်စားကြသည်။ ဤအရာများသည် မကောင်းသောဝါသနာများဖြစ်သည်။

ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ ဟူသော စကားသုံးခွန်းသည် ပညာဗဟုသုတရှာဖွေလိုသူတိုင်းအတွက် တိုက်တွန်းထားသော စကားရပ်ဖြစ်သည်။ အသိဉာဏ်ပညာဗဟုသုတကြွယ်ဝရန်မှာ စာပေဖတ်ရှုခြင်းသာဖြစ်သည်။ စာဖတ်နိုင်မှ အထွေထွေဗဟုသုတများကို မှတ်သားလေ့လာနိုင်မည်ဖြစ်သည်။ အချို့သောနိုင်ငံအများစုကို လေ့လာကြည့်မည်ဆိုပါက စာဖတ်သူများများရှိသောနိုင်ငံသည် တိုးတက်မည်ဖြစ်သည်။

ထို့အပြင် လူတစ်ဦးအနေဖြင့် လေ့လာကြည့်လျှင်လည်း စာဖတ်သူသည် ပညာဗဟုသုတကြီးပွားတိုးတက်သလောက် ထိုသူ၏အခြေအနေသည်လည်း တိုးတက်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ စာဖတ်အားကောင်းသူများနှင့် စာဖတ်အားနည်းသူတို့၏ အရည်အချင်းကို လုပ်ငန်းခွင်အတွက် အင်တာဗျူးသွားရောက်ဖြေဆိုရာတွင် ကွဲကွဲပြားပြားတွေ့မြင်ရမည်ဖြစ်သည်။ ရေဖြေတွင်လည်းကောင်း နှုတ်ဖြေတွင်လည်းကောင်း အရည်အချင်းကွာခြားသွားမည်ဖြစ်သည်။ စာဖတ်ခြင်း၊ မှတ်သားခြင်း၊ လေ့လာခြင်း မရှိသူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာမည်ဖြစ်သည်။ စိတ်တိုင်းကျ မဖြေဆိုနိုင်သူများကို မည်သည့်ကုမ္ပဏီ၊ လုပ်ငန်းဌာနကမျှ ရွေးချယ်မည်မဟုတ်ပါ။ အများနှင့်ယှဉ်၍ မိမိက နောက်ကျကျန်ခဲ့မည်ဖြစ်သည်။

စာဖတ်ခြင်းသည် ကောင်းမွန်သောအကျင့် အကျိုးထူးသောဝါသနာဖြစ်သည်။ စာပေဖတ်ရှုခြင်းသည် လမ်းလျှောက်ရင်း လမ်းပျောက်နေသူများကို ပန်းတိုင်ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်စွမ်းရှိသည်။ ပညာဗဟုသုတအတွက် စာဖတ်ခြင်းအလေ့အထသည် အလွန်အသုံးဝင်နေပြီဖြစ်သည်။ စာပေဖတ်မှတ် လေ့လာမှသာ မိမိအတွက် ပညာရရှိမည်ဖြစ်သည်။ ပညာသည် လူတစ်ဦးချင်းစီ၏ ဉာဏ်ပညာကိုသာ ပြုပြင်ပေးရုံသာမက စိတ်နေစိတ်ထား အယူဆများကိုလည်း တိုးတက်စေမည်ဖြစ်သည်။

သို့ဖြစ်ရာ ''စာအုပ်စာပေ လူ့မိတ်ဆွေ''ဆိုသည့်အတိုင်း စာကောင်းပေကောင်းတို့သည် မိတ်ဆွေကောင်းသဖွယ် အစဉ်အမြဲ ကူညီနေမည်ဖြစ်သည်။ ''စာပေအလင်းရောင် မီးရှူးတန်ဆောင်'' ဆိုသည့်အတိုင်း လူတိုင်းလူတိုင်း စာပေဖတ်မှတ်လေ့လာမှသာ ဉာဏ်ပညာတိုးတက်ရရှိမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများက မြန်မာနိုင်ငံ ငလျင်ဘေးအတွက် ထောက်ပံ့ကူညီ

**မန္တလေး မတ် ၃၁**

မန္တလေးမြို့အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာတွင် ဗဟိုပြု၍ မတ် ၂၈ ရက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ရှားခဲ့ရာ ငလျင်ဒဏ်ခံရသည့် ပြည်သူများအတွက် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဟု သိရသည်။

အဆိုပါ ကူညီထောက်ပံ့မှုများမှာ တရုတ်နိုင်ငံမှ ယွမ် သန်း ၁၀၀ တန်ဖိုးရှိ အကူအညီများ ပံ့ပိုးကူညီမည့်အပြင် ကယ်ဆယ်ရေးအဖွဲ့ ၂ ဖွဲ့ကိုလည်း စေလွှတ်ကူညီလျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂ သန်း တန်ဖိုးရှိ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်သွားမည်ဟု တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောကြားထားကြောင်း သိရသည်။

မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို မြန်မြန်ဆန်ဆန်တုံ့ပြန်ကူညီရန် စီစဉ်နေကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားထားပြီး အရှေ့တောင်အာရှနိုင်ငံများ၏ အခြေအနေပေါ်မူတည်၍ အကူအညီများ ထပ်လောင်းအပ်နိုင်ရေးကိုလည်း ပြန်လည်သုံးသပ်သွားမည်ဟု သိရသည်။



တရုတ်နိုင်ငံအနေဖြင့်လည်း လူသားချင်းစာနာမှုအကူအညီအဖြစ် ယွမ် သန်း ၁၀၀ တန်ဖိုးရှိ ယာယီတဲများ၊ စောင်များ၊ အရေးပေါ်စောင်များ၊ ဆေးဘက်ဆိုင်ရာနှင့် အစားအစာ စသည်တို့ကို ငလျင်ဘေးသင့်သည့် ဒေသများ၌ လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဟု သိရသည်။ **(အပေါ်ပုံ)**

မန္တလေးတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အဆောက်အအုံများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တပ်မတော်သားများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုကယ်ဆယ်ရေးအသင်းများက လူမှုကူညီရေးအသင်းတို့က ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ ကူညီရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## မန္တလေးနှင့် နေပြည်တော်ရှိ KBZ ဘဏ်ဝန်ဆောင်မှုများ စတင်ရယူနိုင်မည့် ဘဏ်ခွဲများစာရင်း အသိပေးထုတ်ပြန်



**မန္တလေး မတ် ၃၁**

မန္တလေးနှင့် နေပြည်တော်မြို့အတွင်း ငလျင်ဒဏ်ခံခဲ့ရသော ဘဏ်ခွဲအချို့၏ ကြံ့ခိုင်မှုပြန်လည်စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်လျက်ရှိရာ၊ ယနေ့ မတ် ၃၁ ရက်၌ ပုံမှန်အတိုင်း ဘဏ်ဝန်ဆောင်မှုများ ရယူနိုင်မည့် ဘဏ်ခွဲများစာရင်းကို ကမ္ဘောဇဘဏ်က အသိပေးထုတ်ပြန်ထားသည်။

ပုံမှန် ဘဏ်ဝန်ဆောင်များ ပေးနေပြီဖြစ်သည့် ဘဏ်များမှာ ပြည်ကြီးတံခွန်မြို့နယ် ဘဏ်ခွဲ (၆)၊ ချမ်းမြသာစည်မြို့နယ် ဘဏ်ခွဲ (၃၅)၊ မဟာအောင်မြေမြို့နယ် ဘဏ်ခွဲ(၃၉)၊ ပုသိမ်ကြီးမြို့နယ် အုန်းချောဘဏ်ခွဲတို့ ဖြစ်ကြောင်း အသိပေးထားသည်။ **(ဝဲပုံ)**

နေပြည်တော်ဘဏ်ခွဲများ အနေဖြင့် ဥတ္တရသီရိမြို့နယ် ဘဏ်ခွဲ(၁)၊ ဇမ္ဗူသီရိမြို့နယ် ဘဏ်ခွဲ(၄)နှင့် မြို့မဈေးဘဏ်ခွဲ၊ ပျဉ်းမနားမြို့နယ်ဘဏ်ခွဲ နှင့် တပ်ကုန်းမြို့နယ်ဘဏ်ခွဲတို့တွင် ပုံမှန်ဝန်ဆောင်မှုများ စတင်လုပ်ဆောင်ပေးနေပြီဖြစ်သည်ဟု အသိပေးချက်တွင် ဖော်ပြထားသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေး Sky Villa မှ အသက်ရှင်လျက် ၃ ဦး ထပ်မံကယ်ဆယ်နိုင်ခဲ့

**မန္တလေး မတ် ၃၁**

ငလျင်ကြောင့် ပြိုကျခဲ့ရတဲ့ မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ Sky Villa အဆောက်အအုံကနေ ယနေ့ မနက်ပိုင်းက အသက် ၅ နှစ်အရွယ် ကလေး ၁ ယောက်နဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီး ၁ ယောက် အပါအဝင် သုံးယောက်ကို ထပ်မံကယ်တင်နိုင်ခဲ့တယ်လို့ သိရပါတယ်။ ကယ်ထုတ်ချိန်မှာ ကလေးရဲ့ အသက်ရှင်လက္ခဏာတွေက ကောင်းမွန်ခဲ့ပြီး ဆေးရုံကို ပို့ဆောင်ကုသပေးခဲ့ပါတယ်။

''ယနေ့ နေ့လယ်ပိုင်းအထိ သေဆုံးသူ ၁၂ ယောက် အသက်ရှင်ကျန်ရစ်သူ ၅၂ ယောက် ကယ်ဆယ်ထားနိုင်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်နေတယ်'' လို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကနေ သိရပါတယ်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေကိုတော့ တရုတ်ကယ်ဆယ်ရေးအဖွဲ့၊ တရုတ် Ramunion Rescue ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ မြန်မာနိုင်ငံက မီးသတ်တပ်ဖွဲ့တွေ အပါအဝင် ကယ်ဆယ်ရေးအဖွဲ့တွေ ပူးပေါင်းလုပ်ဆောင်နေကြပါတယ်။ Sky Villa အဆောက်အအုံ ပြိုကျမှုမှာ ပိတ်မိနေသူတွေရဲ့ အသံတုံ့ပြန်ချက်ကိုယူပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတယ်လို့လည်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

အမြင့် ၁၁ ထပ်ရှိတဲ့ Sky Villa အဆောက်အအုံဟာ ငလျင်ကြောင့် တိုက်ခန်းအချို့ မြေကြီးအောက်ကျွံဝင်ခဲ့ပြီး ခုနစ်ထပ်သာကျန်ရှိတော့သည်။

အလားတူ မတ် ၃၁ ရက် မနက်ပိုင်းကလည်း မန္တလေးမြို့ ဂရိတ်ဝေါဟိုတယ်(Great Wall Hotel)မှာ ပိတ်မိနေတဲ့ အမျိုးသမီးတစ်ယောက်ကို တရုတ်ကယ်ဆယ်ရေးအဖွဲ့က ကယ်တင်နိုင်ခဲ့တယ်လို့ သိရပါတယ်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊



■ ရှေ့ဖုံးမှ

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းနှီးနွေးထွေးစွာမေးမြန်း အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများအား ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူများ၏ ကျန်းမာရေးအခြေအနေများအား မပြတ်စောင့်ကြည့်၍ လိုအပ်သည့်ကုသမှုများ ဆောင်ရွက်ပေးသွားရန်၊ နေရေး၊ စားရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေး ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**အရေးပေါ် ခွဲစိတ်ကုသပေးနိုင်ခဲ့**

အဆိုပါ နေပြည်တော် တပ်မတော်ဆေးရုံကြီး၌ ငလျင်ဘေးဒဏ်ဖြစ်ပွားပြီးနောက်ပိုင်းတွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ စုစုပေါင်း ၆၀၀ နီးပါးခန့်အား လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အရေးပေါ် ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သူ ၃၀ ကို အရေးပေါ် ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်းနှင့် လက်ရှိအချိန်တွင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ စုစုပေါင်း ၄၂ဦးအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**အားပေးစကား ပြောကြား**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါ ကုသဆောင်၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူတစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကား ပြောကြားစဉ်။

**❂ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ စုစုပေါင်း ၆၀၀ နီးပါးခန့်အား လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အရေးပေါ်ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သူ ၃၀ ကို အရေးပေါ် ခွဲစိတ်ကုသပေးနိုင်ခဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသဆောင်၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်တစ်ဦး၏ မိသားစုဝင်များအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသဆောင်၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# မြန်မာနိုင်ငံတွင် ပြင်းထန်စွာလျှင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Mian Muhammad Shahbaz Sharif နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြား





မြန်မာနိုင်ငံတွင် ပြင်းထန်စွာလျှင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Mian Muhammad Shahbaz Sharif နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားစဉ်။

နေပြည်တော် မတ် ၃၁

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် ပြင်းထန်စွာ လျှင်လှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံအတွင်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှုများနှင့်ပတ်သက်၍ အကူအညီများပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Mian Muhammad Shahbaz Sharif နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်က အဆွေတော်တို့နိုင်ငံတွင် ပြင်းထန်သည့် လျှင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခံစားခဲ့ရမှုများနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် များစွာဝမ်းနည်းမိပါကြောင်းနှင့် မြန်မာပြည်သူများနှင့်အတူ ထပ်တူခံစားမိကြောင်း၊ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုအပ်ကြောင်း၊ မကြာမီအချိန်အတွင်း ပါကစ္စတန်အစိုးရနှင့် ပါကစ္စတန်ပြည်သူများက မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်း ၃၅ တန်အား လေယာဉ်ခရီးစဉ်နှစ်ခုဖြင့် ပေးပို့သွားမည်ဖြစ်ပြီး ဆက်လက်၍လည်း ကယ်ဆယ်ရေးပစ္စည်း ၁၇ တန်ကိုလည်း ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ မိမိတို့ပါကစ္စတန်အစိုးရအနေဖြင့် အဆွေတော်တို့နိုင်ငံအတွက် ထပ်မံလိုအပ်သည့် အကူအညီများရှိပါက ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အဆွေတော်တို့ နိုင်ငံအနေဖြင့် ယခုကြုံတွေ့နေရသော ခက်ခဲသည့်ကာလကို အမြန်ဆုံးကျော်လွှားနိုင်ပါစေရန် ဆုမွန်တောင်းပါကြောင်း၊ နှစ်နိုင်ငံသည် အတူတကွ ပူးပေါင်း၍ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကိုထူထောင်ထားသည့် နိုင်ငံများဖြစ်ကြပြီး နောင်အနာဂတ်တွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ထပ်မံမြှင့်တင်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိတ်ဆွေနိုင်ငံတစ်နိုင်ငံမှ ဆက်သွယ်၍ အားပေးစကားပြောကြားပေးခြင်းနှင့် အကူအညီများ ပေးအပ်သွားမည့်အပေါ်တွင်လည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ ဆက်လက်၍လည်း နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို အခွင့်အလမ်းများအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော်၏ ယခုကဲ့သို့ တယ်လီဖုန်း ဆက်သွယ်ပြောဆိုမှု၊ ပါကစ္စတန်ပြည်သူများ၏ ဝမ်းနည်းကြောင်းဖော်ပြမှုနှင့် ပါကစ္စတန်နိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုများအတွက်လည်း ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ကြောင်း၊ အဆွေတော်တို့

**အဆွေတော်နှင့် ပါကစ္စတန်ပြည်သူများအနေဖြင့် စာနာထောက်ထားမှုများ ပေးပို့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ လျှင်ဒဏ်ခံရသည့် ပြည်သူများအတွက် အထောက်အကူပြုပစ္စည်းများပေးပို့သည့်အတွက် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

နိုင်ငံ၏ ယခုကဲ့သို့ အဖိုးတန်လှသည့် ပြောဆိုဆက်သွယ်မှုနှင့် ကူညီမှုများအပေါ် မိမိအနေဖြင့် တန်ဖိုးထားကြောင်း၊ မိမိတို့နိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ယနေ့နေ့လယ်အထိ သေဆုံးသူ ၂၀၆၅ ဦး ရှိပြီး ဒဏ်ရာရရှိသူ ၃၉၀၀ ကျော်ခန့်ရှိကာ ပျောက်ဆုံးသူ ၂၇၀ ခန့်ရှိကြောင်း၊ ငလျင်လှုပ်ခတ်မှုဖြစ်ပွားသည့် ၂၈ ရက်နေ့သည် သောကြာနေ့ဖြစ်သဖြင့် အစ္စလာမ်ဘာသာအရ ဝတ်ပြုဆုတောင်းသည့်နေ့ဖြစ်သောကြောင့် အချို့ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုကွန်ရက်များတွင် ဖော်ပြလျက်ရှိသည့် ဗလီများတွင် ဝတ်ပြုဆုတောင်းနေသည့် အစ္စလာမ်ဘာသာဝင် ၇၀၀ ခန့် သေဆုံးသည်ဆိုသည်မှာ မှန်ကန်မှုမရှိပါကြောင်း၊ ၅၀၀ ပတ်ဝန်းကျင်ခန့်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် သေဆုံးသူများ၏ ရုပ်အလောင်းများကိုလည်း ဖော်ထုတ်ရရှိပြီးဖြစ်ပြီး ဆက်လက်၍လည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း ပြောကြားသည်။

**သေဆုံးဒဏ်ရာရရှိမှုများနှင့်ပတ်သက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေသည်ကို သိရှိရသည့်အတွက် မိမိတို့၏ ရင်ထဲအသည်းထဲမှ လှိုက်လှဲစွာ အသိအမှတ်ပြုကြောင်း၊ ထိခိုက်ခံစားရသည့် ပြည်သူများအနေဖြင့်လည်း အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေးအတွက် မိမိတို့ဘုရားရှင်ထံတွင် ဆုတောင်းကြောင်း၊ အဆွေတော်တို့အနေဖြင့် ခက်ခဲနေသည့်အခြေအနေမျိုးတွင် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် မိမိအနေဖြင့် အသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း၊ အဆွေတော်တို့အနေဖြင့် ထပ်မံလိုအပ်လာနိုင်သည့် အကူအညီများနှင့်ပတ်သက်၍လည်း မိမိတို့ထံအချိန်မရွေးဆက်သွယ်ပြောကြားနိုင်ကြောင်း၊ မိမိတို့နိုင်ငံမှ ပေးပို့ထားသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများနှင့် အသင့်စားအစားအစာများ အဆွေတော်တို့နိုင်ငံသို့ ၂၄ နာရီအတွင်း ရောက်ရှိအောင် မိမိတို့အနေဖြင့် စီစဉ်ဆောင်ရွက်ထား**

**ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Mian Muhammad Shahbaz Sharif**

ယင်းနောက် ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့အဆွေတော်အနေဖြင့် သေဆုံးဒဏ်ရာရရှိမှုများနှင့်ပတ်သက်ပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသည်ကို သိရှိရသည့်အတွက် မိမိတို့၏ ရင်ထဲအသည်းထဲမှ လှိုက်လှဲစွာအသိအမှတ်ပြုပါကြောင်း၊ ထိခိုက်ခံစားရသည့် ပြည်သူများအနေဖြင့်လည်း အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေးအတွက် မိမိတို့ဘုရားရှင်ထံတွင် ဆုတောင်းကြောင်း၊ အဆွေတော်တို့အနေဖြင့် ခက်ခဲနေသည့်အခြေအနေမျိုးတွင် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် မိမိအနေဖြင့် အသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း၊ အဆွေတော်တို့အနေဖြင့် ထပ်မံလိုအပ်လာနိုင်သည့် အကူအညီများနှင့်ပတ်သက်၍လည်း မိမိတို့ထံအချိန်မရွေးဆက်သွယ်ပြောကြားနိုင်ကြောင်း၊ မိမိတို့နိုင်ငံမှ ပေးပို့ထားသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများနှင့် အသင့်စားအစားအစာများ အဆွေတော်တို့နိုင်ငံသို့ ၂၄ နာရီအတွင်း ရောက်ရှိအောင် မိမိတို့အနေဖြင့် စီစဉ်ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆွေတော်နှင့် ပါကစ္စတန်ပြည်သူများအနေဖြင့် စာနာထောက်ထားမှုများ ပေးပို့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လျှင်ဒဏ်ခံရသည့် ပြည်သူများအတွက် အထောက်အကူပြုပစ္စည်းများ ပေးပို့သည့်အတွက်ကျေးဇူးတင်ရှိသည်ကိုထပ်လောင်းပြောကြားလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆက်သွယ်အားပေးစကားပြောကြားမှုများအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြား

နေပြည်တော် မတ် ၃၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်းအားကစားကွင်း၌ ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်မှုကြောင့် မြို့တွင်းလမ်းများ ထိခိုက်ပျက်စီးခဲ့မှုအား ယာယီသွားလာနိုင်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်းအားကစားကွင်းသို့ ရောက်ရှိပြီး လူနေထိုင်နိုင်မှု၊ ရေ၊ မီး ရရှိမှု၊ သန့်စင်ခန်းသုံးစွဲနိုင်မှု အခြေအနေများကို မေးမြန်းကာ တာဝန်ရှိသူများအား ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရသူများကို ယခုအားကစားကွင်း ဧရိယာအတွင်း၌ ဆေးဝါးကုသမှု ဆောင်ရွက်ပေးနိုင်ရေး ယာယီဆေးရုံနှင့် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ ရွှေ့လျားဆေးရုံနှင့် ရွှေ့လျားခွဲစိတ်ကုသမှုယာဉ်များကိုလည်း ထားရှိပေးရန်လိုကြောင်း၊ ရေ၊ မီး ကိစ္စရပ်များ အဆင်ပြေစေရေးတို့ အပြင် ယာယီတဲများ ထုတ်ပေးခြင်း၊ ရွှေ့လျားသန့်စင်ခန်းများ ထားရှိပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အခြားထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ဝန်ထမ်းအိမ်ရာအသီးသီး၌လည်း နီးစပ်ရာအားကစားကွင်းနေရာများ၌ ယာယီနေထိုင်နိုင်ရန် နေရာများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေကြာပင်ရပ်ကွက်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားကွင်းသို့ ရောက်ရှိကြပြီး လူနေထိုင်နိုင်မှု၊ ရေ၊ မီး ရရှိမှု၊ သန့်စင်ခန်းသုံးစွဲနိုင်မှု အခြေအနေများကို မေးမြန်းသည်။ ယင်းနောက် မိုးလုံလေလုံ အားကစားရုံအတွင်း ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်ပေးထားသည့် ယာယီဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်အားကစားကွင်း မိုးလုံလေလုံအားကစားရုံအတွင်းရှိ ယာယီဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ပြည်သူတစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

ထိုသို့ လိုက်လံကြည့်ရှုစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများနှင့် မိသားစုဝင်များ ရေ၊ မီး နှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေး ဆောင်ရွက်ပေးသွားရန်၊ တပ်မတော်မှ ရွှေ့လျားခွဲစိတ်ကုသယာဉ်နှင့် ဆေးမှူးများကိုလည်း စေလွှတ်ကူညီ ဆောင်ရွက်သွားရန်၊ ပြည်ပနိုင်ငံများမှ လာရောက်ကူညီပေးသည့် ဆေးအဖွဲ့များ နေရာချထားနိုင်ရေးနှင့် အတူတကွ ပူးပေါင်း၍ ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ရေး အတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေကြာပင် ရပ်ကွက်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားကွင်း၌ ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

* ကျောဖုံးမှ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်းသည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ထိခိုက်ပျက်စီး ဆုံးရှုံးမှုရှိခဲ့ရသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းနှင့် ညောင်ရွှေ မြို့နယ်များသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေး၍ အားပေးစကား ပြောကြားခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့သို့ ရောက်ရှိရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ ဟိုတယ်အောင်ပန်း ငလျင်ဒဏ် ကြောင့် ပြိုကျပျက်စီးမှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို စက်ယန္တရားကြီး များ အသုံးပြု၍ ဆောင်ရွက်နေမှု အခြေအနေမျာကို ကြည့်ရှုစစ်ဆေး ပြီး အောင်ပန်းမြို့နယ်သို့ လုပ်ငန်း ကိစ္စဖြင့် ရောက်ရှိနေသည့် မြန်မာ နိုင်ငံ အင်ဂျင်နီယာကောင်စီအဖွဲ့ ဝင် ဦးမျိုးမြင့်နှင့် ကူညီကယ်ဆယ် ရေးအဖွဲ့များမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အောင်ပန်းမြို့ရှိ ဟိုတယ်အောင်ပန်း၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စက်ယန္တရားကြီးများအသုံးပြု၍ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

အဖွဲ့ဝင်များသည် အောင်ပန်းမြို့ အောင်ချမ်းသာ စာသင်တိုက် ကျောင်းဝင်းအတွင်းရှိ ငလျင်ဒဏ် သင့် သာသနာ့ဟိတကာရီကျောင်း သုံးထပ်ဆောင် ပျက်စီးမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး စာသင်သား သံဃာတော်များ အဆင်ပြေချောမွေ့စေရေး စာအံ သင်ကြားနိုင်ရေးအတွက် အင်ဂျင် နီယာပညာရှင်များဖြင့် အမြန်ဆုံး ပြုပြင်တည်ဆောက်နိုင်ရေး၊ ပြိုကျ နိုင်မည့်အန္တရာယ်ရှိ အဆောက် အအုံများအနီးတစ်ဝိုက် အန္တရာယ် ကင်းဇုန် သတ်မှတ်ထားရှိရေးနှင့် အခြားလိုအပ်သည်များကို တာဝန် ရှိသူများအား လမ်းညွှန်မှာကြား သည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ် ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာဝံသအားသွားရောက်ဖူးမြော် ကြည်ညိုပြီး ငလျင်ဒဏ်သင့် ကျောင်းတိုက်အဆောက်အအုံများ အား အမြန်ဆုံးပြန်လည်ပြုပြင် နိုင်မည့် အခြေအနေများ၊ သံဃာ တော်များ ဆွမ်း၊ ကွမ်း အဆင်ပြေ ရေးအတွက် စီမံဆောင်ရွက်ပေး သွားမည့် အခြေအနေများနှင့် သာသနာရေး ဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေ များ ပေးအပ်လှူဒါန်းပြီး အဆိုပါ ကျောင်းတိုက်အတွင်းရှိ ပိဋကတ် ဂုဏ်ရည်ကျောင်းတော်နှင့် အခြား သာသနိက အဆောက်အအုံများ၏ ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေ များကို လိုက်လံကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များကို တာဝန်ရှိ သူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ အဆိုပါ စာသင်တိုက်၌ သံဃာတော် ၃၇၅ ပါး သီတင်းသုံးစာဝါလိုက်လျက် ရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက် ငလျင်ဒဏ် ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူ ၂၈ ဦးအား ကျန်းမာရေး စောင့်ရှောက်ပေး နေမှု အခြေအနေများ၊ ရောဂါ သက်သာပျောက်ကင်းမှု အခြေ အနေများကို တစ်ဦးချင်း ရင်းရင်း နှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာ များ ပေးအပ်သည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်လူနာများနှင့် ဆေးရုံ အနီးဝန်းကျင်ရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် စေတနာရှင် ကမ္ဘောဇအလင်း အဖွဲ့မှ စက်ရေတွင်းတူးဖော် စက်ယန္တရားဖြင့် တူးဖော်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေး ကာ တူးဖော်ရေးအဖွဲ့အား ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဒေသ သို့ ရဟတ်ယာဉ်၊ စက်လှေများဖြင့် သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများ အား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် ကေလာကျေးရွာ သို့ ရောက်ရှိကြပြီး ကျေးရွာ အတွင်း ငလျင်ဒဏ်ကြောင့်နေအိမ် အဆောက်အအုံများ ပြိုကျပျက်စီး မှုများကို စက်လှေများဖြင့် လှည့်လည် ကြည့်ရှုကြသည်။ ထို့နောက် ကျေးရွာဘုန်းတော်ကြီး ကျောင်း၌ ရောက်ရှိနေသည့် ငလျင်ဘေးသင့် ပြည်သူများနှင့် တွေ့ဆုံကာ နိုင်ငံတော်ဝန်ကြီးချုပ် ၏ လမ်းညွှန်မှုဖြင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် လာရောက် ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း ဦးစွာ ရှင်းလင်းပြောကြားပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်း များဆောင်ရွက်ရာတွင် လက်ရှိ နေအိမ်အဆောက်အအုံ အပျက် အစီးများအား ဦးစွာ ဖယ်ရှား ရှင်းလင်းခြင်း၊ အန္တရာယ်ရှိသည့် နေအိမ်အဆောက်အအုံ၊ သာသနိက အဆောက်အအုံများအား ပြုပြင်၍ ရနိုင်မည့်အခြေအနေ စစ်ဆေး ခြင်း၊ ပြုပြင်ရန်မသင့်က ဖျက်သိမ်း ခြင်း၊ အနည်းဆုံးပျက်စီးမှု အဆောက်အအုံနှင့် သာသနိက အဆောက်အအုံများအားအမြန်ဆုံး ပြန်လည် တည်ဆောက်ခြင်း စသည့် လုပ်ငန်းအဆင့်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် အမြန်ဆုံး ဆောင်ရွက်ပေးသွားမည် အခြေ အနေများ၊နေထိုင်စားသောက်ရေး နှင့်ပတ်သက်၍ အခြေခံစားကုန် များနှင့် သန့်ရှင်းသောသောက် သုံးရေရရှိရေး အစားအသောက် များ၊ နန်းပန်လှေဆိပ် ဟိုတယ်ဇုန် ၌ ပြည်နယ်ကျေးလက်နှင့် သမ ဝါယမဦးစီးဌာနမှ ရွှေလျားရေသန့် စက်ယာဉ် အသင့်ထားရှိ ဖြန့်ဝေ ပေးသွားမည့် အခြေအနေများ၊ နိုင်ငံတကာမှ ထောက်ပံ့လှူဒါန်း သည့် ပစ္စည်းများအား ဆက်လက် ဖြန့်ဝေပေးသွားမည့် အခြေအနေ များ၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီမှ ပေးအပ်သည့် ပစ္စည်း များနှင့် ထောက်ပံ့ငွေများ ရရှိရေး စီမံဆောင်ရွက်သွားမည့် အခြေ အနေများ၊ဘုန်းတော်ကြီးကျောင်း များ၊ စာသင်ကျောင်းများနှင့် ဆေးပေးခန်းများ အမြန်ဆုံး ပြန်လည်ပြုပြင် ဖွင့်လှစ်နိုင်ရေး စီမံ ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ အပျက်အစီး စာရင်းကောက်ယူရေး အဖွဲ့များ စာရင်း လာရောက်ကောက်ယူချိန် တွင် အချက်အလက်ပြည့်စုံ မှန်ကန်စွာ စာရင်းပေးသွင်းရေး နှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ **စာမျက်နှာ ၇ သို့** *





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အောင်ပန်းမြို့ အောင်ချမ်းသာ စာသင်တိုက်ကျောင်းဝင်းအတွင်းရှိ ငလျင်ဒဏ်သင့် သာသနာ့ဟိတကာရီကျောင်း သုံးထပ်ဆောင် ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညောင်ရွှေမြို့နယ် ကေလာကျေးရွာအတွင်း ငလျင်ဒဏ်ကြောင့် နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

* စာမျက်နှာ ၆ မှ

ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရေးနှင့် အခြားလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများအား ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။ ထို့နောက် ကေလာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)ရှိ ငလျင်ဒဏ်ကြောင့် ပြိုလဲပျက်စီးနေသည့် (၁၂၀ ပေ X ၃၀ ပေ) လေးခန်းတွဲ ငါးဆောင် အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာ ပညာရှင်များနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အမီ ကျောင်းစာ သင်ကြားနိုင်ရေး ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇရပ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများ၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုသွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုသဿဒန ထံ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စအတွက် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းများနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး ဆရာတော် ဘဒ္ဒန္တ ဝိဇယအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ငလျင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ညောင်ရွှေမြို့နယ် ကေလာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိနေသည့် ငလျင်ဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

ဒဏ်ကြောင့် ကွဲအက်ပျက်စီးနေမှု အခြေအနေများ၊ မုခ်ဦးများ၊ လှေကားများ၊ ကရဝိက်ဖောင်တော်ထားရှိရာအဆောင်နှင့် အခြား သာသနိက အဆောက်အအုံများ ပြိုကျပျက်စီးနေမှု အခြေအနေများ၊ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလမ်းစိုပြည်စေရေးတို့အတွက် စက်ယန္တရားများဖြင့် နုန်းမြေများအား ရေလမ်းကြောင်း ကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပြိုကျပျက်စီးနေသည့် သာသနိက အဆောက်အအုံများအား နယ်မြေခံ ပြည်နယ်အင်ဂျင်နီယာများနှင့် အဖွဲ့များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှပညာရှင်များဖြင့်ဆွေးနွေးတိုင်ပင်၍ မူလလက်ရာမပျက် အမြန်ဆုံးပြန်လည်ပြုပြင်သွားရန်၊ ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လာရောက်ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။ ထို့နောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရား ကိန်းဝပ်သတင်းသီတင်းသုံးတော်မူရာ ရတနာစံကျောင်းတော်ကြီးအား အင်ဂျင်နီယာပညာရှင်များ၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနအောက်ရှိ ဘူမိဗေဒပညာရှင်များ၏ ပဏာမစစ်ဆေးချက်အရ ပင်မစံကျောင်းတော်၏ ခိုင်မြဲမှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး မြောက်အရပ် ပင်မလှေကားထိပ်နှင့် ပင်မစံကျောင်းတော် ထိစပ်နေရာ၌ အနည်းငယ်ထိခိုက်မှုရှိပြီး ကျန်အရှေ့၊ အနောက်၊ တောင်ဘက်အရပ်မျက်နှာရှိ လှေကားထိပ်နှင့် စံကျောင်းတော်မှာ မူလကပင်တွဲဆက်ထားခြင်း မဟုတ်သည့်အတွက်သုံးလက်မမှခြောက်လက်မ အထိကွာဟနေသည့်အနေအထား ရှိကြောင်း စိစစ်တွေ့ရှိရသည်။ အဆိုပါအခြေအနေအား ကုန်ကျစရိတ်အသက်သာဆုံးနှင့် အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်မည့် နည်းလမ်းများရှိကြောင်း သိရှိရပြီး လုပ်ငန်းအသေးစိတ်တို့အား ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ပြည်နယ်အဆင့် DMC အဖွဲ့ဝင်များ၊ ပညာရှင်များက ဆက်လက်ဆွေးနွေး၍ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် နန်းပန်မြို့ နန်းပန်-အင်းလေး ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံမှ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သား ပြည်သူ ၁၈ ဦး၏ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများ၊ ရောဂါသက်သာ ပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ ထောက်ပံ့

စာမျက်နှာ ၈ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နန်းပန်-အင်းလေးပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူတစ်ဦးအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားစဉ်။

* စာမျက်နှာ ၇ မှ

ငွေများပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမတွင် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အဖွဲ့များအား သွားရောက် တွေ့ဆုံအမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထိုသို့အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငလျင်ဘေးနှင့်ပတ်သက်၍ ချမှတ်ထားသည့် မူဝါဒများကို သိရှိစေရန်နှင့် ယခုခရီးစဉ်အတွင်း တွေ့ရှိချက်များအပေါ် ပြန်လည်ပြုပြင်ခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မတ်လ ၂၈ ရက်နေ့ ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် အင်အား ၇ ဒသမ ၇ ရစ်ချ်တာစကေးဖြင့် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့် ကွာဝေးသော မန္တလေးမြို့၏အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာတွင် လှုပ်ခတ်ခဲ့သည့် ငလျင်မှာ ဗဟိုချက်သည် မြေပြင်အောက် ၁၀ ကီလိုမီတာအကွာ အလွန်နီးကပ်သောကြောင့် အလွန်အားပြင်းခဲ့ကြောင်း၊ ထို့ကြောင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် အပျက်အစီးများစွာ ဖြစ်ပေါ်ခဲ့ရသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပထမဦးစားပေးအနေဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အပျက်အစီး အပိုင်းအစများအားလုံး အမြန်ဆုံးရှင်းလင်းဖယ်ရှားရေး၊ ဒုတိယအဆင့်အနေဖြင့် လက်ရှိအခြေအနေတွင် ပျက်စီးလုနီးပါးဖြစ်နေသည့်အပြင် အန္တရာယ်ရှိသည့် အဆောက်အအုံများအား ဘေးအန္တရာယ်ကင်းစွာ အပြီးတိုင်စနစ်တကျဖြင့် ဖြိုခွဲဖျက်ဆီးရေး၊ တတိယအဆင့်အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆောက်ရေးကဏ္ဍ ယခုငလျင်ဒဏ် ခံစားရမှုအပေါ် သင်ခန်းစာရယူရန် လမ်း၊တံတား၊ ရုံးအဆောက်အအုံ၊ အထပ်မြင့်အဆောက်အအုံများအား ငလျင်ဒဏ်ခံနိုင်ရေးအတွက် မြေအနေအထားစစ်ဆေးခြင်းပြုလုပ်ပြီးမှသာ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများတည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး စသည့် အပိုင်းသုံးပိုင်းအား လမ်းညွှန် ချမှတ်ထားပေးထားကြောင်း၊ ပုဂ္ဂလိကအဆောက်အအုံများအား ဆက်လက်နေထိုင်ရန် မသင့်လျော်ပါက ဖျက်ဆီးသင့်ကြောင်း စည်းရုံးတိုင်ပင်ပြောဆို၍ စနစ်တကျ ဖျက်ဆီးရန်လိုကြောင်း၊ အစိုးရရုံးဌာနများအား ဆက်လက်အသုံးပြုနေထိုင်ရန် မသင့်တော့သည်များကို အပြည့်အဝဖျက်ဆီးသွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်အနေဖြင့် နှစ်အလိုက် ရေကြီးမှုများ၊ လေမုန်တိုင်း တိုက်ခတ်ခြင်းများ၊ ငလျင်လှုပ်ခတ်မှုများကြောင့် နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်ဆောင်ရွက်ရမည့် နိုင်ငံတော်တိုးတက်ရေးအတွက် လုပ်ငန်းများတွင် များစွာလုပ်ငန်းတိုးတက်မှု နှောင့်နှေးမှုများ ကြုံနေရကြောင်း၊ သို့သော်လည်း သဘာဝဘေးအန္တရာယ် ဖြစ်သည့်အတွက် မည်သို့မျှ တားဆီး၍မရသောကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့ရသည့်အခြေအနေတွင်ပြန်လည် ထူထောင်ရေး လုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်း၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆက်လက်ပြောကြားရာတွင် ယနေ့လက်ရှိမြင်တွေ့ခဲ့ရသည့် အောင်ပန်းမြို့တွင်း၌ အထပ်မြင့် အဆောက်အအုံ အပါအဝင် ပျက်စီးမှု အများအပြားမှာ ငလျင်ဒဏ်ကြောင့် လုံးဝပြိုကျပျက်စီးမှုနည်းပါးပြီး ယိုင်နဲ့သွားခြင်း၊ အထပ်လိုက်မြေကြီးတွင် နစ်မြုပ်ခြင်းများ တွေ့ရှိရကြောင်း၊ ယခင်နှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ခဲ့သည့်အတွက်လည်း အောက်ခံမြေသားများ နိမ့်ကျကျွံဝင်မှုများလည်း ရှိသည့်အတွက် ယခုငလျင်ဒဏ်ကြောင့် ပိုမိုပျက်စီးကာ အဆောက်အအုံများမှာ ယိုင်လဲမှု၊ မြေနိမ့်ကျွံဝင်မှုများအား တွေ့ရှိရကာ အဆိုပါဖြစ်ရပ်များအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ ဆက်လက်၍ တွေ့ရှိရသည့် အင်းလေးဒေသတွင် ရေထဲတွင် ဆောက်လုပ်ထားသည့် အိမ်များအနေဖြင့် ရှိသည့်ကုန်းမြေပေါ်တွင် အောက်ခံအမာခံမရှိဘဲ သစ်သားတိုင်များဖြင့်သာ ဆောက်လုပ်ထားပြီး အဆောက်အအုံအများစုမှာ နှစ်ကြာမြင့်ခြင်းတို့ကြောင့် အိမ်များ ယိုင်လဲခြင်း၊ ယိုင်လဲရာတွင်လည်း ပတ်ဝန်းကျင်ရေထဲသို့ ယိုင်လဲသဖြင့် သေဆုံးသူအများစုမှာ ရေနစ်မွန်း၍ သေဆုံးရသည်ကို တွေ့ရှိရကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်းပေါ်တွင် တည်ဆောက်ထားသည့် အဆောက်အအုံပျက်များမှ ဒဏ်ရာရသူများအား ကယ်ဆယ်ရေး ဆောင်ရွက်နိုင်သော်လည်း ရေထဲတွင် တည်ဆောက်ထားခြင်း ဖြစ်၍ ရေနစ်သေဆုံးရသည်များ ဖြစ်ရပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်ရန် ခက်ခဲကြောင်း၊ လက်ရှိစာရင်းများအရ ရှမ်းပြည်နယ်အတွင်း ဘုရားစေတီပေါင်း ၁၈ ဆူ၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း သုံးကျောင်း၊ တံတား တစ်စင်း၊ လူနေအဆောက်အအုံ ၁၅၇ လုံး၊ သေဆုံးသူ ၆၅ ဦး၊ ဒဏ်ရာရ ၇၃ ဦး ရှိသည်ကို တွေ့ရကြောင်း၊ ယခုဖြစ်စဉ်ကြောင့် သေဆုံးရသည်များမှာ နိုင်ငံတော်အတွက် လူ့စွမ်းအား အရင်းအမြစ်များ များစွာဆုံးရှုံးရသည်ဟု ခံစားရပါကြောင်း၊ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုပင် ဖြစ်ပါကြောင်း၊ အဆောက်အအုံ ဆုံးရှုံးရသည်မှာ ငွေရှိလျှင် ပြန်လည်တည်ဆောက်နိုင်သော်လည်း လူသားအရင်းအမြစ်ဆုံးရှုံးရသည်မှာ အနာဂတ်အတွက် များစွာတန်ဖိုးမဖြတ်နိုင်သည့်ဆုံးရှုံးမှုပင် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်တွင် ဆုံးရှုံးမှုများအား အတတ်နိုင်ဆုံး အနည်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ရေနှင့်နီးစပ်ရာဒေသများတွင် ကုန်းမြေအနည်းငယ်ပေါ်တွင်သာ အဆောက်အအုံတည်ဆောက်၍ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် များစွာဆုံးရှုံးမှုများဖြစ်ရသည်ကို တွေ့ရကြောင်း၊ ထိုသို့ဖြစ်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ထိုကဲ့သို့ နေထိုင်ကြသူများအား ဝိုင်းဝန်းအကြံပေး၍ ကုန်းမြေခံနိုင်မှုနှင့် အဆောက်အအုံ အလေးချိန် သမမျှတစွာဖြင့်အောက်ခြေခံနိုင်စွာဖြင့် တည်ဆောက်ပေးနိုင်ရေး ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်နယ်အဆင့် DMC အနေဖြင့် ရှာဖွေကယ်ဆယ်ရေး၊ စာရင်းကောက်ယူရေးပြန်လည်ထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကော်မတီအသီးသီးဖြင့် ဖွဲ့စည်းထားပြီး ဖြစ်သော်လည်း အထူးသဖြင့် စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်သက်ဆိုင်ရာဌာနများအလိုက် လက်ရှိ ငလျင်ဒဏ်ခံနေရသည့် ဒေသမှ ဝန်ထမ်းများအား တာဝန်ပေးအပ်သည်ထက် သဘာဝဘေးအန္တရာယ်နှင့် ကင်းလွတ်သည့် အခြားတိုင်းဒေသကြီးမှ ဝန်ထမ်းများအား ခေါ်ယူ၍တာဝန်ပေးအပ်ပါက ပိုမိုအဆင်ပြေစေနိုင်မည်ကို အကြံပြုဆွေးနွေးလိုပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ယခုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ကေလာကျေးရွာအုပ်စုနှင့် နန်းပန်ကျေးရွာအုပ်စုတို့အတွက် ဒေသခံပြည်သူများ ကျန်းမာရေးအတွက် ဆေးရုံ တည်ဆောက်ပေးနိုင်ရေး မြေနေရာအား ရွေးချယ်လျာထားတင်ပြရန် လမ်းညွှန်ထားပါကြောင်း၊ လတ်တလော ကေလာဘုန်းတော်ကြီးကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်နိုင်ရေး စီမံပေးထားမည်ဖြစ်သည့်အပြင် စဝ်စံထွန်းဆေးရုံကြီးနှင့်တပ်မတော်ဆေးရုံကြီး အမှတ်(၂/၇၀၀)တို့မှ ပါရဂူများဖြင့် နယ်လှည့်ဆေးကုသရေး အထူးအဖွဲ့ကိုလည်း ဧပြီ ၁ ရက်နေ့မှ စတင်စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် အင်အားပြင်း ငလျင်ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သေဆုံးသူ ၂၀၀၀ ကျော်ရှိသည်ဟုသိရှိရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် သဘာဝဘေးကူညီကယ်ဆယ်ရေး အတွက် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများအား ဖိတ်ခေါ်မှုတွင် ပြည်ပနိုင်ငံများအနေဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် အားတက်သရော ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့် မိမိတို့ နိုင်ငံအပေါ်တွင် လူသားချင်း စာနာထောက်ထားသော စေတနာအပြည့်ဖြင့် ကူညီပေးနေသည်ကို ဝမ်းသာကြည်နူးကျေးဇူးတင်ထိုက်ဖွယ် တွေ့မြင်ရပါကြောင်း။

သို့ဖြစ်၍ ယခုလက်ရှိ သဘာဝဘေးခံစားနေရသည့် အင်းလေးဒေသရှိပြည်သူများအား အမြန်ဆုံးကူညီကယ်တင်နိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားသောစိတ်ဖြင့် ပြည်နယ် DMC အဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ စိတ်ဓာတ်မြှင့်တင်ပေးရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဒေသအတွင်း ပျက်စီးဆုံးရှုံးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ ငလျင်ဘေးသင့် ပြည်သူများအတွက် ယာယီတဲများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးကိစ္စ၊ DMC မှ ထောက်ပံ့ပေးအပ်သည့် အခြေခံစားကုန်များနှင့် ထောက်ပံ့ငွေများ ပေးအပ်နိုင်ရေး၊ စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများ အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး၊ ဟိုတယ်များတွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ တည်းခိုနေထိုင်နိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ နိုင်ငံခေါင်းဆောင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့

နေပြည်တော် မတ် ၃၁

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံအလယ်ပိုင်းကို ဗဟိုပြု၍ ဖြစ်ပွားခဲ့သော အင်အား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိသည့် အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံလေးနိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီချန်းကလည်းကောင်း၊ ကမ္ဘောဒီးယားဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒတ် ပရယ် ဘိုရိုနိုနစ် နိုရိုဒွန် သီဟာမိုနီက လည်းကောင်း၊ ကမ္ဘောဒီးယား အထက်လွှတ်တော် ဥက္ကဋ္ဌ ဆမ်ဒတ် အာခါ မိုဟာ ဆီနာ ပါဒိုင်းတဲ့ချို ဟွန်ဆန်က လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်မာနိုက်က လည်းကောင်း၊ ဘရူနိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာကလည်းကောင်း၊ နီကာရာဂွာနိုင်ငံ သမ္မတ ဒယ်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် ဒုတိယသမ္မတ ရိုဆာရီ မူရီလိုတို့က လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့် ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ် အများအပြား ထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း၊ ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်မိပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် စာနာထောက်ထားပါကြောင်း၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့်အကူအညီများပေးရန် အဆင်သင့်ရှိကြပြီး ထိခိုက်ခံစားရသည့် မြန်မာပြည်သူများ ဘေးအန္တရာယ် ကျော်လွှားနိုင်ရေးနှင့် မြန်မာနိုင်ငံကို အစောဆုံး ပြန်လည်တည်ဆောက်နိုင်ရေး အကူအညီများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ခိုင်မာအားကောင်းသည့် ဦးဆောင်မှုအောက်တွင် ငလျင်ဒဏ်သင့်ဒေသများရှိမြန်မာပြည်သူများအနေဖြင့် ဘေးအန္တရာယ်များကို အောင်မြင်စွာကျော်လွှားနိုင်ပြီး ကောင်းမွန်သည့်လူမှုဘဝကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ငလျင်ဖြစ်ပွားခဲ့သည့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်နေမှုများအား ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း၊ ငလျင်ကြောင့် အသက်ဆုံးရှုံးရသူများအနေဖြင့် အေးချမ်းကောင်းမွန်သောဘဝသို့ ရောက်ရှိပါစေကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအနေဖြင့် အမြန်ဆုံး ပြန်လည်ကျန်းမာလာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ယခုကဲ့သို့ ခက်ခဲသည့်အချိန်ကာလတွင် မြန်မာပြည်သူများနှင့်အတူတကွ ရပ်တည်လျက်ရှိပါကြောင်းတို့ဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများကို အသီးသီးဖော်ပြထားကြကြောင်း သိရသည်။

သတင်းစဉ်

---

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်ခင်ဗျား-

မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့် ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ် အများအပြား ထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် အံ့ဩစိတ်မကောင်းဖြစ်ရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူများကိုယ်စား ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်မိပါကြောင်းနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ ၎င်းတို့၏ မိသားစုဝင်များအတွက် စာနာထောက်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

တရုတ်နှင့် မြန်မာနိုင်ငံတို့သည် အေးအတူပူအမျှချစ်ကြည်ရင်းနှီးသည့် ဆိုးတူကောင်းဖက်နိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံပြည်သူများသည်လည်း ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု တည်ထောင်ထားရှိကြပါသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် လိုအပ်သည့် အကူအညီပေးရန် အဆင်သင့်ရှိပြီး ထိခိုက်ခံစားရသည့်မြန်မာပြည်သူများ ဘေးအန္တရာယ်ကျော်လွှားနိုင်ရေးနှင့် မိမိတို့အနေဖြင့် မြန်မာနိုင်ငံကို အစောဆုံး ပြန်လည်တည်ဆောက်နိုင်ရေး ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။

ရှီကျင့်ဖျင်
သမ္မတ
တရုတ်ပြည်သူ့သမ္မတနိုင်ငံ

---

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်ဝန်ကြီးချုပ်ခင်ဗျား-

မြန်မာနိုင်ငံတွင် ပြင်းထန်သော ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် မြန်မာပြည်သူ ပြည်သားများအနေဖြင့် အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်ဟု သိရှိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါသည်။ မိမိအနေဖြင့် တရုတ်နိုင်ငံ အစိုးရကိုယ်စား အဆိုပါငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် အားပေးနှစ်သိမ့်လိုက်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအစိုးရ၏ ခိုင်မာအားကောင်းသည့် ဦးဆောင်မှုအောက်တွင် ငလျင်ဒဏ်သင့်ဒေသများရှိ မြန်မာပြည်သူများအနေဖြင့် ဘေးအန္တရာယ်များကို အောင်မြင်စွာကျော်လွှားနိုင်ပြီး ကောင်းမွန်သည့် လူမှုဘဝကို အမြန်ဆုံးပြန်လည်တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

လီချန်း
ဝန်ကြီးချုပ်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်

---

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်

ဥက္ကဋ္ဌ ခင်ဗျား-

ကမ္ဘောဒီးယားနိုင်ငံပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများ အထူးသဖြင့် ငလျင်ဒဏ်ကြောင့် အသက်များဆုံးရှုံးမှုများနှင့် ဒဏ်ရာရရှိမှုများအတွက် စာနာထောက်ထားကြောင်းနှင့် ဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်။

မြန်မာပြည်သူများနှင့်အတူ ကြေကွဲဝမ်းနည်းရပြီး ပြန်လည်ထူထောင်နိုင်ရေး အတူတကွ ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ငလျင်ဒဏ်ကြောင့်သေဆုံးရသူများအားလုံး ကောင်းရာမွန်ရာသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။ ဒဏ်ရာရရှိသူများ ဆောလျင်စွာ ပြန်လည်ကောင်းမွန်စေလိုကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ငလျင်ဖြစ်ပွားခဲ့သည့် ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်မှုများကို ချီးကျူးဂုဏ်ပြုအပ်ပါသည်။

စာနာထောက်ထားစွာဖြင့်-

ပရယ်ဘတ် ဆမ်ဒတ်ပရယ် ဘိုရိုနိုနစ် နိုရိုဒွန် သီဟာမိုနီ
၂၀၂၅ ခုနှစ် မတ်လ ၂၉ ရက်

---

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်ဥက္ကဋ္ဌခင်ဗျား-

မြန်မာနိုင်ငံအလယ်ပိုင်း၌ လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် လူအမြောက်အမြား ထိခိုက်ဒဏ်ရာရမှုများအတွက် ကမ္ဘောဒီးယားပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများ အထူးသဖြင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးခဲ့ရသည့် မိသားစုများအတွက် များစွာဝမ်းနည်းကြေကွဲရပါသည်။

မိမိတို့အနေဖြင့် မြန်မာပြည်သူများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ငလျင်ကြောင့် အသက်ဆုံးရှုံးကြသူများအနေဖြင့် အေးချမ်းကောင်းမွန်သည့်ဘဝသို့ ရောက်ရှိပါစေကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအနေဖြင့် အမြန်ဆုံးပြန်လည်ကျန်းမာလာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဟွန်ဆန်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်ဥက္ကဋ္ဌခင်ဗျား-

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်၊ နေ့လယ်ခင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ လှုပ်ခတ်ခဲ့သည့်ပြင်းထန်ငလျင်ကြောင့် အသက်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှု၊ ပြင်းထန်စွာပျက်စီးဆုံးရှုံးမှုများအကြောင်း ကြားသိရသည့်အတွက် အလွန်အမင်းဝမ်းနည်းရပါသည်။

ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာအစိုးရ မြန်မာပြည်သူများ အထူးသဖြင့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံစားရသည့် မြန်မာပြည်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

သေဆုံးထိခိုက်ခံစားရသူများအတွက် ဆုတောင်းမေတ္တာပို့သလျက် ထိခိုက်ခံစားရသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရန် မျှော်လင့်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ယခုကဲ့သို့ခက်ခဲသည့်အချိန်ကာလတွင် မြန်မာပြည်သူများနှင့် အတူတကွ ရပ်တည်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်၏ အမြော်အမြင်ကြီးမားသည့် ခေါင်းဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် အခက်အခဲကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး ပိုမိုသန်မာလာစေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဟွန်မာနိုက်

---

အဆွေတော်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ညီအစ်ကို ဝန်ကြီးချုပ်ခင်ဗျား

နီကာရာဂွါစံတော်ချိန် နံနက်ပိုင်း၊ မြန်မာစံတော်ချိန် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ မန္တလေးမြို့၌ ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ လူ ၂၀၀ သေဆုံးခဲ့ပြီး လူပေါင်း ၇၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကြားသိရသည့်အတွက် အံ့ဩတုန်လှုပ်မိပါသည်။

မိမိတို့ပြည်သူများလည်း ခံစားခဲ့ရသည့် ယခုကဲ့သို့ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များ၊ ထိခိုက်ဒဏ်ရာ ဆုံးရှုံးမှုများကို သိရှိနားလည်ရာ မိမိတို့အနေဖြင့် အဆွေတော်၊ အဆွေတော်အစိုးရနှင့် မြန်မာပြည်သူများ၊ မိသားစုများအားလုံးကို ဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်။ မိမိတို့အနေဖြင့် အတူတကွ ဆုတောင်းမေတ္တာပို့သလျက်ရှိပြီး အဆွေတော်တို့ပြည်သူများ ပုံမှန်ဘဝအခြေအနေသို့ ရောက်ရှိစေမည်ဟု ယုံကြည်ပါသည်။

နီကာရာဂွါမှ အဆွေတော်၊ အဆွေတော်အစိုးရနှင့် မြန်မာပြည်သူများကို ကျေးဇူးတင်ရှိကာ အသိအမှတ်ပြုအပ်ပါသည်။

ဒယ်နီရယ်အော်တီဂါဆာဗေဒရာ    ရိုဆာရီမူရီလို

---

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို နေ့စဉ်ချွေတာ သင့်ပါသည်**

---

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်

မကြာသေးမီက မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် မြန်မာပြည်သူများ၏ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများကို သိရှိရသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။

ဘရူနိုင်းနိုင်ငံ အစိုးရနှင့် ပြည်သူများအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများ၊ အထူးသဖြင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားရသည့် မိသားစုနှင့် အသိုက်အဝန်းများအားလုံးအတွက် ဝမ်းနည်းစိတ်မကောင်းမှုကို ဖော်ပြအပ်ပါသည်။

စာနာထောက်ထားစွာဖြင့်

ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ
ဘရူနိုင်းနိုင်ငံ

---

## နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားမှုပြုလုပ်ရန် ကြေညာခြင်း

နေပြည်တော် မတ် ၃၁

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ်၊ ဝ၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ ရက်အဖြစ် ၃၁-၃-၂၀၂၅ ရက်နေ့မှ ၆-၄-၂၀၂၅ ရက်နေ့အထိ (၇) ရက်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။

၂။ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှုအဖြစ် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ်၊ ဝ၂ စက္ကန့်တွင် အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်သည် -

(က) နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူထားသောအလံတိုင်ရှေ့(သို့မဟုတ်) သင့်လျော်ရာနေရာ(သို့မဟုတ်) ပြုလုပ်နေသည့်အခမ်းအနားများ၌ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခြင်း။

(ခ) လှုပ်ရှားသွားလာနေသူများအနေဖြင့် ၎င်းအချိန်တွင် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်း။

(ဂ) ၎င်းအချိန်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ဥဩဆွဲ ဂါရဝပြုခြင်း။

(ဃ) ၎င်းအချိန်တွင် မီဒီယာများအနေဖြင့် ထုတ်လွှင့်လျက်ရှိသည့် အစီအစဉ်များအား ခေတ္တရပ်ဆိုင်း၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် Logo များအား ထုတ်လွှင့်ခြင်း။

(င) သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများ ရွတ်ဆိုခြင်းနှင့် အမျှအတန်းပေးဝေခြင်း။

၃။ အထက်ပါအစီအစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှုကို တစ်နိုင်ငံလုံးမှ ပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

## မြန်မာနိုင်ငံတွင် တွေ့ကြုံခံစားရလျက်ရှိသည့် ငလျင်သဘာဝဘေးအပေါ် ထပ်တူဝမ်းနည်းခံစားရကြောင်း အသိအမှတ်ပြုခြင်းများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်ခြင်း

နေပြည်တော် မတ် ၃၁

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ်၊ ဝ၂ စက္ကန့်တွင်ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများတွေ့ကြုံခံစားခဲ့ရပါသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံတွင် ပြင်းထန်ပြီး ရှားပါးသည့်သဘာဝဘေးဒဏ်ကို ရင်ဆိုင်ခံစားခဲ့ရမှုများကို နိုင်ငံတကာမှ စာနာထောက်ထားသောအားဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များစေလွှတ်၍ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်အတူတကွ ပူးပေါင်း၍ လိုအပ်သည့် ကူညီကယ်ဆယ်မှုများကို တက်တက်ကြွကြွကူညီပံ့ပိုးပေးခဲ့သကဲ့သို့ ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများကိုလည်း ပို့ဆောင်ပေးခဲ့ကြပါသည်။ နိုင်ငံတကာမှ လာရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံမှကူညီကယ်ဆယ်ရေးအဖွဲ့များ စေတနာ့ဝန်ထမ်းများနှင့်အတူ ကူညီ ကယ်ဆယ်မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ပိတ်မိနေသူများအား အသက်ရှင်လျက်ကယ်ဆယ်ခြင်းများကို စွမ်းဆောင်နိုင်ခဲ့ကြပါသည်။

နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကမ္ဘာကျော်အားကစား အသင်းအဖွဲ့ချုပ်များနှင့် ဘောလုံးအသင်းများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးမှလည်း ထပ်တူဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခြင်း၊ အားကစားပွဲများ မစတင်မီ တစ်မိနစ်ငြိမ်သက်ခြင်း၊ ထပ်တူဝမ်းနည်းရပါကြောင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်အခက်အခဲများအား အောင်မြင်စွာကျော်လွှားနိုင်ပါစေကြောင်း ရေးသားထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြပါသည်။

အလားတူ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် တာဝန်သိ တိုင်းရင်းသား မိဘပြည်သူများအားလုံးအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ပါဝင်ကူညီလျက်ရှိကြပြီး စုစည်းညီညွတ်သည့်အားဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ကို စိတ်ဓာတ်ခိုင်မာမှု၊ ယုံကြည်မှုတို့ဖြင့် အပြန်အလှန် ဖေးမကူညီလက်တွဲကာ အခက်အခဲများကို ကျော်ဖြတ်လျက်ရှိပါသည်။

ထိုကဲ့သို့သော မြန်မာနိုင်ငံတွင်တွေ့ကြုံခံစားခဲ့ရသည့် ငလျင်သဘာဝဘေးအပေါ် အရေးပေါ်အကူအညီများပေးရန် ကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးကုသမှုအဖွဲ့များစေလွှတ်ပေးခြင်း၊ ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ ပို့ဆောင်ပေးခြင်း၊ ထပ်တူဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခြင်း၊ အသိအမှတ်ပြု လှုပ်ရှားမှုများ ပြုလုပ်ပေးခြင်းနှင့် အားပေးစကားများရေးသားဖော်ပြပေးခြင်း၊ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ၊ ပြည်သူများအားလုံး၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီပါဝင်ဆောင်ရွက်ခြင်းတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံတော်အစိုးရမှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေ

**မန္တလေး မတ် ၃၁**

မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ရှားမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ် အချို့တို့တွင် ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုများဖြစ်ပေါ်ခဲ့ရသဖြင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ သွားရောက်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအကူအညီပေးရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဘဏ်များတွင် ငွေကြေးပံ့ပိုးမှုလည်ပတ်ဆောင်ရွက်နေမှုများ၊ ပြည်သူများအား အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ရွှေဦးစွာ ချမ်းမြသာစည်မြို့နယ်၊ လေဆိပ်အဟောင်းနေရာရှိ ယာယီဆေးရုံသို့ ရောက်ရှိပြီး အိန္ဒိယနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့မှ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသမှု အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေမှုများနှင့် ချမ်းအေးသာစံမြို့နယ်ရှိ ပြိုကျပျက်စီးနေသည့် အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား အမြန်ဆုံးရှာဖွေဖော်ထုတ်နိုင်ရေး နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် အောင်မြေသာစံမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ် (၁)နှင့် ဘဏ်(၂) သို့ ရောက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအား လစာများထုတ်ပေးနေမှု၊ နိုင်ငံ့အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများထုတ်ပေးနေမှုနှင့် ဘဏ်၏ ငွေကြေးလုပ်ငန်းများ ပုံမှန်လည်ပတ်နေမှုများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေသည့် အောင်မြေသာစံမြို့နယ်၊ ၁၉လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြားသို့ ရောက်ရှိပြီး ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ ၊ အသားများနှင့် ငါးများကို အထူးသက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှု၍ ဝယ်ယူအားပေးနေမှုများကို နှုတ်ဆက်အားပေးခဲ့သည်။



၎င်းနောက် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းသို့ ရောက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ဆေးကုသမှုများပေးနိုင်ရန် ရောက်ရှိလာသည့် ရုရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များအား တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အဆိုပါအဖွဲ့သည် မန္တလာသီရိအားကစားကွင်း၌ အခြေပြုကာ ယာယီဆေးကုသရေးစခန်းဖွင့်လှစ်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတ ဓရဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအား ဖူးမြော်၍ ဩဝါဒများခံယူကာ မစိုးရိမ်တိုက်သစ်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အဆောက်အအုံများအား ရှင်းလင်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ သောက်သုံးရေ အခက်အခဲမရှိစေရေးဆောင်ရွက်ပေးနေမှုများနှင့် ရေလှောင်ကန် အမြန်ပြန်လည် တည်ဆောက်ပေးသွားရန် စီစဉ်ထားရှိမှုများ၊ အဆောက်အအုံများ ဆက်လက်နေထိုင်ရန် သင်၊ မသင့် စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသွားမည့်အစီအမံများနှင့် ပတ်သက်၍ လျှောက်ထားတင်ပြပြီး ဩဝါဒများခံယူကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ထိရောက်စွာ ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)









































# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**မန္တလေး မတ် ၃၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ နံနက်ပိုင်းက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် လမ်းတံတားများအား အကြီးစားပြန်လည်ပြုပြင်ဆောင်ရွက်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ၃၅ လမ်းနှင့် သင်္ဂဇာချောင်းပတ်လမ်းဆုံ၌ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ကမ်းနားလမ်း ရေတွန်းစက်ရုံ(၈) မှ မလွန်ရေတွန်းစက်ရုံသို့ ပို့လွှတ်သည့် အချင်း ၉၀၀ မီလီမီတာ ရေပို့ပိုက်လိုင်းများအား ထောက်ပံ့ထားသည့် ပိုက်ထောက်တိုင်များ ကျိုးပြီး ပိုက်ဆက်များ ပြုတ်ထွက်နေမှုအား ပြုပြင်ခြင်းလုပ်ငန်းနှင့် ၃၅ လမ်းမကြီးတွင် အရှည်ပေ ၄၅၀ ခန့်နှင့် အကျယ်ပေ ၅၀ ခန့် နိုင်လွန်ကတ္တရာလမ်း ကျုံ့ကျပြီး ကွဲအက်မှုများဖြစ်ပေါ်နေမှုအခြေအနေ၊ ၂၆ လမ်းမကြီးနှင့် သင်္ဂဇာပတ်လမ်းဆုံတွင် အရှည် ၄၅၀ ပေ၊ အကျယ် ပေ ၆၀ ခန့် နိုင်လွန်ကတ္တရာလမ်းမကြီး၌ ကွဲအက်ပြီး ကျုံ့ကျမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က လမ်းပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆုံးပြုပြင်ပြီးစီးရေး ဆောင်ရွက်သွားရေးနှင့် ပြန်လည်တည်ဆောက်ရာတွင် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားရန် လမ်းတံတားဌာန ဌာနမှူးနှင့် အင်ဂျင်နီယာအဖွဲ့အား မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မြို့ပတ်ကမ်းနားလမ်းမကြီးတစ်လျှောက် ရွှေခဲမှ ရှမ်းကလေးကျွန်းလမ်းပိုင်းအတွင်း ငလျင်ဒဏ်ကြောင့် လမ်းပိုင်းကွဲအက်ပြီး ၆ ပေအနက်ထိ ကွဲအက်၍ နိမ့်ဆင်းသွားသည့်နေရာ လမ်းပိုင်း၏ နိမ့်ကျုံ့ကျနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးကာ လမ်းပိုင်းအား အကြီးစား အမြန်ဆုံးပြုပြင်ပြီးစီးရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ရန် ကိစ္စရပ်များကို လမ်းတံတားဌာန ဌာနမှူးအား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ် လမ်း ၆၀ ရှိ စကိုင်းဗီလာ ကွန်ဒိုအထပ်မြင့်အိမ်ရာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုအား တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ နေ့စဉ်အသုံးပြုရန် လိုအပ်သည့် စက်သုံးဆီ၊ မီးစက်နှင့် ရွက်ဖျင်တဲများလိုအပ်မှု အခြေအနေနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကွပ်ကဲရေးရုံးတာဝန်ခံများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့တော်စည်ပင်မှ တာဝန်ရှိသူတို့နှင့် ကူညီကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်များနှင့်အတူ လုပ်ငန်းခွင် နေ့စဉ်လိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၈၅ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ ပရိယတ္တိသာသနဟိတအသင်းကြီး(ဦးလှသိန်း)ဗိမာန်သို့ ရောက်ရှိကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံအား အိန္ဒိယနိုင်ငံမှ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လူမှုကူညီရေးအသင်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ အဆောက်အအုံ၏ ပြိုကျခဲ့သည့် အစိတ်အပိုင်းများအား ဖျက်ထုတ်ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့၏ လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

သတင်း-စာမျက်နှာ ၁၁













# လျှင်ဒဏ်သင့်ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စင်း ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မတ် ၃၁

မတ် ၂၈ ရက်တွင် အင်အားပြင်းမြေငလျင် လှုပ်ခတ်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စင်းသည် ယနေ့မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။



အဆိုပါရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယနေ့ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်များတွင် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်ကြသည့် အသင့်စားခေါက်ဆွဲ၊ အာဟာရပြည့်ဘီစကွတ်၊ ပလတ်စတစ်ပုံး၊ ပလတ်စတစ်ရေခွက်၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ရွက်ဖျင်တဲ၊ တာပေါ်လင်စ၊ အဝတ်အထည်များ၊ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် ဆေးဝါးများစသည်တို့ ပါဝင်ပြီး စုစုပေါင်းတန်ချိန် ၄၀ ခန့် ဖြစ်ကြောင်းနှင့် ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ အရာရှိစစ်သည်များ၊ ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သနင်္ဘနှင့် အရန်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(မြန်/ဆက်)

# လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ ကူမင်းမြို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။

ယနေ့ညနေပိုင်းတွင် လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ ကူမင်းမြို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသည် နေပြည်တော်ရှိတပ်မတော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ယနေ့ရောက်ရှိကြသည့် နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါကယ်ဆယ်ရေးအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့် အဆောက်အအုံအတွင်းမှ ကိုယ့်အားကိုယ်ကိုး၍ ဖောက်ထွက်လာနိုင်ခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း သတင်းထုတ်ပြန်ခြင်း

နေပြည်တော် မတ် ၃၁

အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်သင့်ဒေသအသီးသီး၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိစဉ် မန္တလေးမြို့ Sky Villa ကွန်ဒိုပြိုကျမှုမှ မြေးအဖွားသုံးဦး လွတ်မြောက်လာမှုအား ၎င်းတို့၏ ဖခင်ဖြစ်သူ၏ လူမှုကွန်ရက်တွင် ဖော်ပြမှုများအရ သိရှိရပါသည်။



ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံအတွင်းမှ ထွက်လာနိုင်ခဲ့သည့် မြေးအဖွားသုံးဦးအား တွေ့ရစဉ်။

ဖြစ်စဉ်မှာ မန္တလေးမြို့ Sky Villa ကွန်ဒိုအဆောက်အအုံတွင် နေထိုင်လျက်ရှိသည့် အသက် (၇၆) နှစ်အရွယ် အဖွားအိုတစ်ဦး၊ အသက် (၁၆) နှစ်နှင့် အသက် (၁၃) နှစ်အရွယ် မြေးနှစ်ဦးတို့သည် အဆောက်အအုံပြိုကျမှုအတွင်း ပိတ်မိကာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ကြရသည်။ မြေးနှစ်ဦးတို့သည် ငလျင်ဒဏ်ကြောင့် ပြိုကျလာသော ဖုန်မှုန့်များ၊ ကျောက်တုံးများ၊ အပျက်အစီးများကြားတွင် ပိတ်မိနေသဖြင့် ဖုန်းများအသုံးပြု၍ Flash Light အကူအညီဖြင့် ထွက်ပေါက်ဖြစ်နိုင်သည့် နေရာများအား လမ်းကြောင်းရှာခြင်း၊ ဖြစ်စဉ်အားမှတ်တမ်းတင်ခြင်း၊ ကူညီကယ်ဆယ်ရေးသမားများ အသံကြားနိုင်ရေး အော်ဟစ်ခေါ်ဆိုခြင်း၊ သေဆုံးနိုင်သည်ဟု ထင်မြင်မိသဖြင့် ဖြစ်ပေါ်ခဲ့သော အခြေအနေများအား ကျန်ရစ်သူမိသားစုဝင်များ တွေ့မြင်နိုင်ရေးအတွက် ဖုန်းဖြင့် မှတ်တမ်းရိုက်ကူးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ အချိန်အတိုင်းအတာတစ်ခုအထိ အဆက်မပြတ်အော်ဟစ်အကူအညီတောင်းခံခဲ့ကြစဉ် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကြားသိခဲ့ရသဖြင့် တူများဖြင့် အပေါက်ငယ်တစ်ခုဖောက်ပေးခဲ့ပြီး သောက်ရေပေးအပ်ကာ မကြာမီလာရောက်ကယ်တင်မည်ဟု ပြောကြားခဲ့ကြောင်း၊ ထို့နောက် ကယ်ဆယ်ရေးအဖွဲ့များက ၎င်းတို့အပါအဝင် အခြားပိတ်မိနေသူများအား ကယ်ထုတ်နိုင်ရေး လိုအပ်သည်များ ဆောင်ရွက်လျက်ရှိစဉ် ကလေးငယ်တစ်ဦးသည် ရေဘူးကမ်းပေးသည့်အပေါက်မှ လက်ဖြင့်စမ်းကြည့်ရာ တူတစ်ချောင်းအားတွေ့ရှိသဖြင့် ယင်းတူဖြင့် ကျောက်တုံးများအား ထုခွဲ၍ တစ်ကိုယ်စာထွက်နိုင်သောအပေါက်ကို ဖောက်ခဲ့ပြီး ခေါင်းထွက်၍ရအောင် ကြိုးစားဖောက်နိုင်ခဲ့ကြောင်း၊ ခေါင်းထွက်လာသောအခါ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဝိုင်းဝန်းကြိုးပမ်းမှုဖြင့် ဝိုင်းဝန်းကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထို့နောက် ကယ်ဆယ်ရေးအဖွဲ့များသည် နေရာနှင့်လမ်းကြောင်းကို သိရှိသွားသည့်အတွက် အဖွားဖြစ်သူနှင့် ကျန်ရှိနေသည့် ကလေးငယ်တစ်ဦးအား ဆက်လက်ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ မိမိကိုယ်စွမ်းကိုယ်စဖြင့် ကြိုးစားရုန်းထွက်နိုင်ခဲ့သည့်အတွက် အမျိုးသမီးငယ်များ၏ တစ်ကိုယ်ကောင်းမဆန်ဘဲ သက်ကြီးအဖွားအိုအား ကယ်တင်နိုင်မှု၊ အခက်အခဲများကို တည်ငြိမ်စွာဖြင့် ဖြေရှင်းနိုင်မှု၊ ရဲရင့်မှု၊ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ Mobile Phone အား အကျိုးရှိစွာအသုံးချနိုင်မှုတို့ကို အသိအမှတ်ပြုကြောင်းနှင့် ယခုကဲ့သို့ အသက်ဘေးမှ လွတ်မြောက်ခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

# ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများပါဝင်သော ယူအေအီးတပ်မတော်လေယာဉ်သုံးစင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များတွင် အဖွဲ့ဝင် ၇၉ ဦး၊ မော်တော်ယာဉ် ၁၅ စီး၊ ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းနှင့် ထောက်ပံ့ရေးပစ္စည်း ၆၇၆၈၅ ကီလိုဂရမ် ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်များတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်၍ ငလျင်ဒဏ်သင့်ဒေသများသို့ ဆောလျင်စွာ သွားရောက်နိုင်ရေး လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

# စစ်ကိုင်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးအဖွဲ့များကို ပိတ်ပင်ထားကြောင်း၊ ကယ်ဆယ်ရေးလုပ်မည်ဆိုလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခွင့်ပြုချက်တောင်းခံရကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၃၁

စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးအဖွဲ့များကို ပိတ်ပင်ထားကြောင်း၊ ကယ်ဆယ်ရေး လုပ်မည်ဆိုလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခွင့်ပြုချက်တောင်းခံရကြောင်း မဟုတ်မမှန် သတင်းတု သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယင်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပရဟိတအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို နေ့/ည မပြတ် အားသွန်ခွန်စိုက် လုပ်ဆောင် လျက်ရှိကြောင်း၊ ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်နေမှုနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများ အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန် သတင်းများကို လုပ်ကြံရေးသားခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုများ ပြတ်တောက်စေရန် ရည်ရွယ်ချက်ဖြင့် PDF အမည်ခံအကြမ်းဖက်သမားများက စလင်းမြို့နယ်ရှိ စစ်ရေးနှင့်မသက်ဆိုင်သော တညောင်ဓာတ်အားခွဲရုံအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် မတ် ၃၁

မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ရပြီး နိုင်ငံတော်အစိုးရ အနေဖြင့် လျှပ်စစ်ဓာတ်အားများ အမြန်ဆုံး ပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိသည်။




PDF အမည်ခံအကြမ်းဖက်သမားများက စလင်းမြို့နယ်ရှိ တညောင်ဓာတ်အားခွဲရုံအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သည့် ဖြစ်စဉ်နေရာပြပုံ။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်သည့် ငလျင်ဒဏ်ကြောင့် ပြည်သူများအတိဒုက္ခရောက်နေသဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက အခွင့်ကောင်းယူ၍ အဖျက်အမှောင့် အနှောင့်အယှက်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံအကြမ်းဖက်သမား များက ယနေ့ နံနက် ၆ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၅၅၀၀ ခန့်အကွာရှိ တညောင်ဓာတ်အား ခွဲရုံစက်ရုံမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ အမှန်တကယ်တွင် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများနှင့် ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် မြို့၊ ရွာများအား လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိပြီး ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ပြည်သူများအတိဒုက္ခရောက်နေချိန်တွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့အကြမ်းဖက် အနှောင့်အယှက် လုပ်ရပ်များသည် လွန်စွာစက်ဆုပ်ဖွယ်ကောင်းကြောင်းနှင့် အဆိုပါအကြမ်းဖက်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ် သောတုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နည်းပြ မာကိုရိုစ်အား နည်းပြရာထူးမှ လိုက်ပဇစ်အသင်းထုတ်ပယ်



လန်ဒန် မတ် ၃၁

ဘွန်ဒက်လီဂါကလပ် လိုက်ပဇစ်အသင်းသည် အသင်းနည်းပြ မာကိုရိုစ်အား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

လိုက်ပဇစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဘွန်ဒက်လီဂါပွဲစဉ် ၂၇ပွဲကစားအပြီးတွင် ရမှတ် ၄၂မှတ်ဖြင့် အဆင့်(၆) နေရာတွင် ရပ်တည်ပြီး ရလဒ်များ ဆိုးရွားခြင်းကြောင့် နည်းပြမာကိုရိုစ်အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မာကိုရိုစ်သည် လိုက်ပဇစ်အသင်းအား ၂၀၂၂ခုနှစ် စက်တင်ဘာ ၈ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၂၈ပွဲတွင် ၇၂ပွဲနိုင်၊ ၂၃ပွဲသရေ၊ ၃၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

လိုက်ပဇစ်အသင်းထုတ်ပြန်ချက်တွင် "မာကိုရိုစ်အား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးအမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

# ဂိုးသမား ကီပါအား အပြီးသတ်ခေါ်ယူရန် ဘုန်းမောက်အသင်း စီစဉ်

လန်ဒန် မတ် ၃၁

ဘုန်းမောက်အသင်းသည် ချဲလ်ဆီးအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ဂိုးသမား ကီပါအား အပြီးသတ်ခေါ်ယူရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အဆိုပါ ဂိုးသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းမှ ဘုန်းမောက်အသင်းသို့ အငှားလာရောက်ကစားပြီး ပြိုင်ပွဲစုံ ၂၅ပွဲကစားကာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘုန်းမောက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းကလည်း ကီပါအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးနှုန်း ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ဘုန်းမောက်အသင်းအနေဖြင့် ချဲလ်ဆီးအသင်းထံမှ ဂိုးသမား ကီပါအား အပြီးသတ်ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

# ဖရင်းပေါင်အား ခေါ်ယူရန် လီဗာပူးအသင်း ဆွေးနွေး

လန်ဒန် မတ် ၃၁

ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းသည် လေဗာကူဆင်အသင်း အဓိက ကစားသမား ဖရင်းပေါင်အား ခေါ်ယူရန် စတင်ဆွေးနွေးနေပြီဖြစ်သည်။

အဆိုပါ ကစားသမားသည် လေဗာကူ ဆင်အသင်းနှင့်အတူ ၂၀၂၁ခုနှစ်မှ စတင်ကာ ပြောင်းရွှေ့ကစားခဲ့ပြီး လက်ရှိအချိန်အထိ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ဖရင်းပေါင်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်းထံမှ ဖရင်းပေါင်အား ရရှိအောင် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



# ဘရူနိုဖာနန်ဒက်စ်အား စတာလင်ပေါင် သန်း ၉၀ဖြင့် ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

မက်ဒရစ် မတ် ၃၁

စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် မန်ချက်စတာယူနိုက်အသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်အား စတာလင်ပေါင် သန်း ၉၀ ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ (အပေါ်ပုံ)

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၇ပွဲကစားပြီး ၉၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း မန်ချက်စတာယူနိုက်တက်အသင်းထံမှ ဘရူနိုဖာနန်ဒက်စ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

# ပီဒရီ ဘာစီလိုနာအသင်းတွင် ဆက်ရှိသွားမည်

ဘာစီလိုနာ မတ် ၃၁

ဘာစီလိုနာအသင်း ကြယ်ပွင့်ကစားသမား ပီဒရီက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



အဆိုပါ ကြယ်ပွင့်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ပီဒရီသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၇ပွဲကစားပြီး ၂၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ပီဒရီက "ကျွန်တော် အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားချင်ပါသေးတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(စ၇)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ (ဖခင်)ဦးတင်မောင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၄၀၂၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော (သမီး)ဒေါ်မြင့်မြင့်စိုး(၉/မရမ(နိုင်)၀၀၀၁၃၉)၏ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်လျှောက်ထားလာမှုအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ပြီး၊ ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထွက်သည့်အချိန်အထိ ကန့်ကွက်သူမရှိခြင်းကြောင့် ပျောက်ဆုံးသွားသော ဦးတင်မောင် အမည်ပေါက် တောဂရန်အမှတ်တွဲအမှတ်(၁၄၉၀/၉၀-၉၁)အား ဌာနမှပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၂)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၀(A)လမ်းနှင့် ၆၀(B)လမ်းကြား၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးဘိုလေး(၉/မနမ(နိုင်)၀၁၆၄၆၆)၏ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဂရန်ပျောက်လျှောက်ထားလာမှုအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ပြီး၊ ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထွက်သည့်အချိန်အထိ ကန့်ကွက်သူမရှိခြင်းကြောင့် ပျောက်ဆုံးသွားသော ဦးဘိုလေးအမည်ပေါက် တောဂရန်အမှတ်တွဲအမှတ်(၄၉၇၆/၉၀-၉၁)အား ဌာနမှပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ (မြို့သစ်-၃)ရပ်ကွက်၊ အကွက်အမှတ်(င-၆)၊ ဦးပိုင်အမှတ်(၁၅၄)၊ ၁၁၈လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသောင်းညွန့်(၉/မကန(နိုင်)၀၄၅၃၃၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၃၅/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ဌေး(၉/မရမ(နိုင်)၀၇၈၅၇၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၂၁)၊ ဦးပိုင်အမှတ်(၃၃)၊ ၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၁၃၈လမ်းနှင့် ၁၃၉လမ်းကြားရှိ ဒေါ်ဂျာလှိုင်အမည်ပေါက် ဂရန်မြေကွက်အား တရားလိုဒေါ်မာမာက တရားပြိုင်ဒေါ်ဂျာလှိုင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၂၈/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်မာမာ(၅/အရတ(နိုင်)၁၃၄၉၃၆)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၆)၊ ဦးပိုင်အမှတ်(၁)၊ ၅၉လမ်းနှင့် ၆၀(A)လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ ဒေါ်မာလာအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်နန်းထွမ်းအေးက တရားပြိုင် ဒေါ်မာလာအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၅၁/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်နန်းထွမ်းအေး(၁၃/မဆတ(နိုင်)၀၀၆၈၅၉)က မြေကွက်၏ ငွေရပြေစာမှုရင်းနှင့် မြေချမိန့်မှုရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ-ရတနာပုံ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၇)၊ ဦးပိုင်အမှတ်(၁၇)၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ ၁၂၃လမ်းနှင့် ၁၂၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်မာ(၉/မနမ(နိုင်)၀၂၁၄၃၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၀၁၈/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်လှိုင်မင်း(၉/ခမစ(နိုင်)၀၀၃၃၄၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၆)၊ ဦးပိုင်အမှတ်(၂)၊ ၅၉လမ်းနှင့် ၆၀(A)လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ မြေကွက်အား တောဂရန်အမှတ်တွဲအမှတ်(၄၉၃၀/၁၉၉၀-၁၉၉၁)အရ ဒေါ်သန်းသန်းမှတ်ပုံတင်အမှတ် (MDYNE-၀၃၀၁၁၃) အမည်ပေါက်သို့ မြေရာဇဝင်၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်နှင့် မြေကွက်၏ငွေရပြေစာမှုရင်းနှင့် မြေချမိန့်မှုရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ ဒေါ်နန်းထွမ်းအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၀၆၈၅၉)က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၉)၊ ဦးပိုင်အမှတ်(၂၆)၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြား၊ ၁၁၅ လမ်းနှင့် ၁၁၆ လမ်းကြားရှိ ဦးတင်လှိုင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးလှအောင်က တရားပြိုင် ဦးတင်လှိုင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးလှအောင်(၁၃/နမတ(နိုင်)၀၀၅၂၄၂)က တောဂရန်နှင့် တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂)၊ ဦးပိုင်အမှတ်(၅၇)၊ ၄၇ လမ်းနှင့် ၄၈ လမ်းကြား၊ ၁၁၁ လမ်းနှင့် ၁၁၂ လမ်းကြားရှိ ဒေါ်ခင်ပြုံးမြတ် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်မျိုးသန္တာဦးက တရားပြိုင် ဒေါ်ခင်ပြုံးမြတ်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၀/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်မျိုးသန္တာဦး(၉/ခမစ(နိုင်)၀၃၀၆၇၅)က တောဂရန်နှင့် တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)၊ ဦးပိုင်အမှတ်(၃၇)၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မာယု(၅/စကန(နိုင်)၀၃၀၃၂၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၁၇/၂၀၀၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လှလှသန်း(၉/မရမ(နိုင်)၀၁၃၀၆၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၁၄)၊ ဦးပိုင်အမှတ်(၆၈)၊ ၆၀ဘီလမ်းနှင့် ၆၁ လမ်းကြား၊ ၁၃၁ လမ်းနှင့် ၁၃၂ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှတ်တွဲအမှတ်(၄၂၄၄/၉၀-၉၁)အရ ဦးသိန်းမောင် မှတ်ပုံတင်အမှတ်(WMDY-၂၇၆၂၂၀)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးမြင့်မောင်စိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/စကန(နိုင်)၁၉၂၁၂၇)က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၁၀)၊ ဦးပိုင်အမှတ်(၆၇)၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြား၊ ၁၁၄ လမ်းနှင့် ၁၁၅ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှတ်တွဲအမှတ်(၉၆၄/၉၀-၉၁)အရ ဦးဘသောင်း မှတ်ပုံတင်အမှတ်(CZ-၀၀၁၁၉၅)အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်လဲ့လဲ့နိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နစန(နိုင်)၀၂၃၇၉၈)က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ (မြို့သစ်-၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၁၀)၊ ဦးပိုင်အမှတ်(၆၅-က/၁)၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြား၊ ၁၀၂ လမ်းနှင့် ၁၀၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝေယံကျော်ဦး(၉/အမဇ(ပြု)၀၀၀၀၆၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၆)၊ ဦးပိုင်အမှတ်(၃၈)၊ ၁၀၁ လမ်း၊ ၅၅ လမ်းနှင့် ၅၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးအေးမာ(၁၃/ကခန(နိုင်)၀၈၆၂၈၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၂)၊ ဦးပိုင်အမှတ်(၄၆-ခ)၊ (၅၈-B) ဇမ္ဗူသီရိလမ်း၊ ၁၀၆ လမ်းနှင့် ၁၀၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သဇင်မေ(၉/အမဇ(နိုင်)၀၀၁၂၂၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၉)၊ ဦးပိုင်အမှတ်(၂၉)၊ ၄၇ လမ်းနှင့် ၄၈ လမ်းကြား၊ ၁၂၅ လမ်းနှင့် ၁၂၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အိအိဖြူ(၉/ညဥန(နိုင်)၁၆၆၈၆၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# အောင်လံမြို့၌ အခြေခံအပ်ချုပ်စက်ပြုပြင်နည်းသင်တန်း ဖွင့်လှစ်

**အောင်လံ မတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ အခြေခံအပ်ချုပ်စက်ပြုပြင်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အောင်လံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centreခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမျိုးသိန်းက အခြေခံအပ်ချုပ်စက်ပြုပြင်နည်းသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို အကျယ်တဝင့်ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးနိုင်လင်းလင်းက အောက်အပ်ချည်ရှုပ်ထွေးနေမှုပြုပြင်နည်း၊ အောက်အပ်ချည်မလိုက်၍ပြုပြင်နည်း၊ အပ်ခဏခဏမကြိုးအောင် ဆောင်ရွက်နည်း၊ ချုပ်ရိုးလှပအောင်ပြုပြင်နည်း၊ အပ်ချုပ်စက်အားဆီထိုးနည်း၊ အပ်ချုပ်စက်အားသန့်ရှင်းရေးဆောင်ရွက်ရမည့်နည်းလမ်းများ၊ အပ်ကြိုး၍လဲလှယ်ရမည့်နည်းစနစ်များကို နားလည်သဘောပေါက်အောင် တက်ရောက်လာသူများကို ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ငလျင်ဒဏ်သင့်နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် မတ် ၃၁

မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရသဖြင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၆သို့ ✻



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ငလျင်ဒဏ်သင့် အင်းလေးဒေသအား ကြည့်ရှုစစ်ဆေးစဉ်။

---

## အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များထွက်ပေါ်

လန်ဒန် မတ် ၃၁

အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် အက်စတွန်ဗီလာအသင်း၊ နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့ အသီးသီးထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဧပြီ ၂၆ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)




---

## 2025 Miami Open presented by Itau

## အမျိုးသားတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Jakub Mensik ဆွတ်ခူး

မိုင်ယာမီ မတ် ၃၁

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ချက်တင်းနစ်ကစားသမား Jakub Mensik က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ချက်တင်းနစ်ကစားသမား Jakub Mensik သည် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် နာမည်ကျော် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic အား ၇-၆၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

Jakub Mensik က "ကျွန်တော် အခုလို 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်



နိုင်ငံအတွက်လည်း အကောင်းဆုံး ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

(NGB)